# mRNA ကာကွယ်ဆေးများ၏ အလုပ်လုပ်ပုံ

ဗိုင်းရပ်စ် အမျိုးအစားတိုင်း မတူညီကြပါ။

COVID-19 ဖြစ်စေသောဗိုင်းရပ်စ်ကို
SARS-CoV-2 ဟုခေါ်သည်။



## SARS-CoV-2 နှင့်တွေ့ဆုံခြင်း




ဗိုင်းရပ်စ်အားလုံးတွင် ထူးခြားသော မျိုးရိုးဗီဇကုဒ်ရှိသည်။ ကျွန်ုပ်တို့ရဲ့ဆဲလ်ထဲကို ဝင်ရောက်နိုင်ဖို့အတွက် တည်ဆောက်ပုံကိုပုံပြောင်းပြီး အဆီလွှာဖြင့်ဖုံးအုပ်ထားနိုင်စေသည့် ပုံပြောင်းအာရ်အန်အေ(mRNA) ဖြစ်သည့် SARS-CoV-2 ကို သိပ္ပံပညာရှင်များက လေ့လာခဲ့ပါသည်။

၎င်းကို လူနာထဲသို့ ထိုးသွင်းပေးပါသည်။




## ဖန်တီးခြင်း

mRNA သည် SARS-CoV-2 ဗိုင်းရပ်စ်ပရိုတိန်းအဆူးလှာ၏ တိကျသော အစိတ်အပိုင်းတစ်ခု ကိုဖန်တီးရန် ဆဲလ်များအား ပြောကြားပါသည်။




## လေ့လာခြင်း

ထို့နောက် ကိုယ်ခံစွမ်းအားစနစ်သည် ပဋိဇီဝပစ္စည်းများကိုထုတ်လုပ်ပြီး ပရိုတိန်းအဆူးလှာကို ဖျက်ဆီးရန်အတွက် T-cells များကို နိုးကြားစေပါသည်။



## ကာကွယ်ခြင်း

သင်သည်ရှေ့လျှောက် ဗိုင်းရပ်စ်ပိုးနှင့် ထိတွေ့မိပါက သင်၏ကိုယ်ခံအားစနစ်သည် ပရိုတင်းအဆူးလှာကို လျှင်မြန်စွာ သိရှိပြီး ပဋိဇီဝပစ္စည်းများနှင့် T-cells များသည် ဗိုင်းရပ်စ်ကို ဖျက်ဆီးရန် အဆင်သင့်ဖြစ်နေပါလိမ့်မည်။

## ကာကွယ်ဆေးရယူခြင်း၏ အကျိုးကျေးဇူးများ

COVID-19 ကိုဖြစ်ပေါ်စေသောဗိုင်းရပ်စ်သည် လျင်မြန်စွာ ပွားများနိုင်ပါသည်။ ကာကွယ်ဆေးမရှိပါက သင့်ခန္ဓာကိုယ်သည် ဗိုင်းရပ်စ်ကိုအတည်ပြုရန် , တိုက်ထုတ်ဖို့သင်ယူရန်နှင့် ခုခံအားတုန့်ပြန်မှုကို လုပ်ဆောင်ရပါလိမ့်မည်။ ထိုအချိန်အတွင်းမှာပင် ဗိုင်းရပ်စ်ပိုးသည် သင့်ကိုယ်ခံစွမ်းအားစနစ်မှ ကိုင်တွယ်နိုင်သည့် ပမာဏထက် ပိုများလာနိုင်ပြီး ဖျားနာခြင်းကို ဖြစ်စေနိုင်ပါသည်။ ကာကွယ်ဆေးဖြင့်သာ သင့်ခန္ဓာကိုယ်သည် ဗိုင်းရပ်စ်အား ပိုမိုလျင်မြန်စွာခွဲခြားသတ်မှတ်နိုင်ပြီး ခုခံအားတုန့်ပြန်မှုစနစ်ကို ချက်ခြင်းစတင်နိုင်ပါသည်။

## mRNA နည်းပညာသည် အသစ်အဆန်းမဟုတ်ပါ။

mRNA ကာကွယ်ဆေးများသည် ဆေးဘက်ဆိုင်ရာသိပ္ပံပညာရှင်များမှ RNA ကုထုံးနှင့်ကုသမှုဆိုင်ရာ ဆယ်စုနှစ်များစွာလေ့လာမှု၏ ထုတ်ကုန်တစ်ခုဖြစ်သည်။ mRNA ကုထုံးများကို ကိုယ်ပိုင်ကင်ဆာကုသမှုနှင့် ဇီကာဗိုင်းရပ်စ်ကဲ့သို့သောကူးစက်ရောဂါများအတွက် ကာကွယ်ဆေးများကိုတီထွင်ရာတွင်အသုံးပြုသည်။ သုတေသီများသည် mRNA ကုသမှုကို သွေးခဲစေသည့်ရောဂါ hemophilia ကဲ့သို့ ရှားပါးသောအခြေအနေများအတွက် ပရိုတိန်းအစားထိုးကုသမှုအဖြစ်အသုံးပြုနိုင်သည်ကိုလည်း စူးစမ်းလေ့လာနေကြသည်။

MDHHS
Michigan Department of Health & Human Services